# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့အစီအစဉ်

# [ ၄–၈–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ရန်ကုန်–နေပြည်တော်– မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများနှင့် ခရီးသည်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဖိုးမြတ်၊ မူဆယ် မဲဆန္ဒနယ်၏ **မူဆယ်မြို့တွင် မိုင်းယု(၁၀၅) မိုင် ကုန်စည်စစ်ဆေးဂိတ်မှ မန့်ဝိန်း– ဂျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်၏ အောက်ဖက်တစ်နေရာသို့ ဖောက်လုပ်သည့် မူဆယ်မြို့ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၏ အဓိက ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှင်ဗွေယန်–နန်းယွန်း–ပန်ဆောင် လမ်းပိုင်း လီဒိုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီး အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တော– စစ်တွေ သို့မဟုတ် ပေါက်တော– ပုဏ္ဏားကျွန်းကို ဖြတ်၍ မဟာဗျူဟာမြောက်၊ ကစ္ဆပနဒီ (ကုလားတန်) မြစ်ကူးတံတား တည်ဆောက်မည့် အစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၏ **ဗိုလ်တထောင်မြို့နယ်မှ ကြည့်မြင်တိုင် မြို့နယ်အထိ ဖောက်လုပ်ထားသော ကမ်းနားလမ်းသစ် စီမံကိန်းကို မည်သည့်စနစ်ဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းဖြတ်သန်းခ အခွန်ငွေများကို ပြည်ထောင်စုဘဏ္ဍာငွေ ရသုံးမှန်းခြေငွေစာရင်းသို့ ထည့်သွင်းခြင်း ရှိ၊ မရှိနှင့် မည်သည့်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် အကျိုးတူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က **“ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင် အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့် ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ”**အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဂ) ဦးစစ်အေး၊ တောင်သာ မဲဆန္ဒနယ်၊

(ဃ) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(င) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၊

(စ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၊

(ဆ) ဦးရွှေလှကြိုင်၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၊

(ဇ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဈ) ဒုတိယဗိုလ်မှူးကြီးတိုးလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဗိုလ်မှူးရဲနိုင်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၊

(ဌ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဍ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။